**ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်**

*[ နည်းဥပဒေ ၁၇(ဃ) ]*

**ခုံသမာဓိအဖွဲ့**

**ရန်ကုန်တိုင်းဒေသကြီး**

**ရန်ကုန်မြို့**

**အငြင်းပွားမှုအမှတ်( ၂၄/၂၀၂၃ )**

| | |
|---|---|
| ဦးသန်းဇော်ကိုပါ (၁၀)ဦး (အလုပ်သမား)<br>ဘုံရှည်ကုန်းရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။<br>၀၉-၆၈၈၅၅၁၄၂၂ | နစ်နာ၍တောင်းဆိုသူ |

နှင့်

| | |
|---|---|
| Mr.Zhu Kaiguo (အလုပ်ရှင်)<br>ဒေါ်အေးအေးမြတ် (အလုပ်ရှင်၏ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)၊ Lianfa Myanmar Industrial Co.,Ltd (အထည်ချုပ်စက်ရုံ)၊ အမှတ်(၁၄၀)၊ မင်းရောလမ်း၊ ရွှေသံလွင်စက်မှုဇုန်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။<br>၀၉-၇၇၂၅၂၀၉၇၅ | တောင်းဆိုခြင်းခံရသူ |

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၁၄၀)၊ မင်းရောလမ်း၊ ရွှေသံလွင်စက်မှုဇုန်ရှိ Lianfa Myanmar Industrial Co.,Ltd (အထည်ချုပ်စက်ရုံ) အလုပ်ရှင် Mr.Zhu Kaiguoနှင့် အလုပ်သမား ဦးသန်းဇော်ကိုပါ(၁၀)ဦးတို့အကြား ဖြစ်ပွားသော အငြင်းပွားမှု

[Type text]

ကို လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

ကောက်ချက်။ ဦးသန်းဇော်ကိုပါ (၁၀)ဦးအား အလုပ်ပြန်လည်ခန့်ထားရန် သင့်/ မသင့်။

**အမှုဖြစ်စဉ်အကျဉ်းချုပ်**

၃။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၁၄၀)၊ မင်းရောလမ်း၊ ရွှေသံလွင်စက်မှုဇုန်ရှိ အလုပ်ရှင် Mr.Zhu Kaiguo ပိုင်ဆိုင်သော Lianfa Myanmar Industrial Co.,Ltd (အထည်ချုပ်စက်ရုံ)နှင့် အလုပ်သမား ဦးသန်းဇော်ကိုပါ(၁၀)ဦးတို့အကြား ဂရိတ်ကြေးလျော့ချခံရမှုအတွက် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနနှင့် EC စာချုပ်ချုပ်ဆိုရန်ကိစ္စများအတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနများသို့ ၆-၁၀-၂၀၂၃ ရက်နေ့တွင် တိုင်ကြားခဲ့ရာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတွင်(၄)ကြိမ် ညှိနှိုင်းခဲ့ရာ ဂရိတ်ကြေး(ဆုကြေးငွေ)ကိစ္စအား ၁၆-၁၀-၂၀၂၃ ရက်နေ့တွင် ပြေလည်မှုရရှိကာ EC စာချုပ်ကိစ္စအတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် (၃)ကြိမ် ညှိနှိုင်းခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ၂၃-၁၀-၂၀၂၃ ရက်နေ့တွင် နှစ်နာသူမှ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အကြောင်းကြားစာ ထုတ်ပေးခဲ့ပြီး ၂၃-၁၀-၂၀၂၃ ရက်နေ့တွင် အလုပ်ဝင်ရောက်မည်ဖြစ်ကြောင်း အလုပ်ရှင်ထံအသိပေးခဲ့ပြီး ၂၄-၁၀-၂၀၂၃ ရက်နေ့တွင် အလုပ်ပြန်လည်ဝင်ရောက်ခဲ့ရာ ၎င်းတို့သည် ၈-၁၀-၂၀၂၃ရက်နေ့မှ ၂၃-၁၀-၂၀၂၃ ရက်နေ့ထိ ပျက်ကွက်ခဲ့သဖြင့် အလုပ်ရှင်မှ အလုပ်ဝင်ရောက်ခွင့်မပြုခဲ့ ပါ ။ ထို့ကြောင့် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ရာ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ (၄)ကြိမ်တိုင်တိုင် ညှိနှိုင်းဖြေရှင်းပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

**စစ်ဆေးတွေ့ရှိချက်**

၄။ အလုပ်သမား ဦးသန်းဇော်ကိုပါ (၁၀)ဦးမှ ထွက်ဆိုတင်ပြရာတွင် စက်ရုံစတင်ဖွင့်သည့် ၂၀၂၃ ခုနှစ်၊ ဇွန်လမှစ၍ စက်ချုပ်အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ကြကြောင်း၊ စက်ရုံဖွင့်ချိန်တွင် ဂရိတ်ကြေးအဖြစ် A = ၁၅၀,၀၀၀/- B= ၁၀၀,၀၀၀/- C= ၅၀,၀၀၀/- သတ်မှတ်ထားသော်လည်း ၉/၂၀၂၃ လစာတွင် လျော့ချခံရသဖြင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသို့ ၆-၁၀-၂၀၂၃ ရက်နေ့တွင် တိုင်ကြားခဲ့ရာ (၄) ကြိမ် ညှိနှိုင်းခဲ့ပြီး ပြေလည်မှုရရှိခဲ့ပြီးဖြစ်ကြောင်း၊ ၆-၁၀-၂၀၂၃ ရက်နေ့တွင် EC စာချုပ် ချုပ်ဆိုရန် ပျက်ကွက်သည့်ကိစ္စအတွက် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနသို့ တိုင်ကြားခဲ့ရာ (၃)ကြိမ်ညှိနှိုင်းခဲ့ပြီး ပြေလည်မှုမရရှိသဖြင့် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနက နစ်နာသူဘက်မှ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ၂၃-၁၀-၂၀၂၃ ရက်စွဲပါစာအမှတ် ၂၇/၁/အလည-မ(ညှိ)၂၀၂၃ (၅၄၆) စာထုတ်ပေးခဲ့ကြောင်း၊ အလုပ်ရှင်မှ EC စာချုပ်ချုပ်ပေးမည် လုပ်ငန်းခွင်သို့ ပြန်ဝင်ကြရန်ပြောကြောင်း၊ မိမိတို့က EC စာချုပ်ချုပ်ပြီးမှ ပြန်ဝင်မည်ဖြစ်ကြောင်း၊ စည်းကမ်းချက်များ ပြန်လည်တောင်းဆိုရာ ပြေလည်မှုမရှိသဖြင့် မဝင်ခဲ့ကြကြောင်း၊ ဦးသန်းဇော်ကိုပါ (၁၀)ဦးက ၂၄-၁၀-၂၀၂၃ ရက်နေ့ လုပ်ငန်းခွင်သို့ ဝင်ရောက်ရာ မန်နေဂျာမှ အလုပ်လာရန် မလိုကြောင်း၊ အလုပ်(၁၈)ရက် ပျက်ကွက်နေသဖြင့် ပြုတ်နေပြီး ပြောသဖြင့် ဖြုတ်တာလား/ ထုတ်တာလား မေးရာ EC အပိုဒ်-၁၆ အရ ၁၅ ရက်ပြည့်ရင် Auto ပြုတ်မည်ဟု ပြောသဖြင့် ထုတ်စာတောင်းရာ မပေးသည့်အတွက် ၂၄-၁၀-၂၀၂၃ ရက်နေ့ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးသို့ တိုင်ကြားခဲ့ကြောင်း၊ ၂၅-၁၀-၂၀၂၃ ရက်နေ့ အလုပ်ပြန်လည်ဝင်ရောက်ရာ အဝင်မခံကြောင်း၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးတွင် (၄) ကြိမ် ညှိနှိုင်းစဉ်ကာလအတွင်း မန်နေဂျာမှ အလုပ်သမားတစ်ဦးလျှင် (၃) သိန်းနှင့် (၄) သိန်းကြား ပေးမည်ဆိုပါက အဆင်ပြေမည်ပြောရာ အလုပ်ရှင်ဘက်မှ (၂) သိန်းပေးမည်ဟု ပြောသဖြင့် မပြေလည်ခဲ့ကြောင်း၊ အလုပ်သမားများသည် ယခင် ရွှေပြည်သာ ဝါးတစ်ရာရှိ Gy Sen စက်ရုံတွင် မန်နေဂျာနှင့်အတူ လုပ်ကိုင်ခဲ့ကြပြီး စက်ရုံပိတ်သိမ်းသွားသဖြင့် ယခုစက်ရုံတွင် အတူလာရောက် လုပ်ကိုင်ကြသူများဖြစ်ကြောင်း၊ အလုပ်သမား ဦးသန်းဇော်ကိုပါ(၁၀)ဦးမှ အလုပ်ပြန်လည်ဝင်လိုပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၅။ အလုပ်ရှင်၏ ကိုယ်စား ဒေါ်အေးအေးမြတ် ထွက်ဆိုချက်အရ Lianfa Myanmar Industrial Co.,Ltd (အထည်ချုပ်စက်ရုံ)သည် ၆-၅-၂၀၂၃ ရက်နေ့မှစ၍ လုပ်သား (၁၀၂)ဦးဖြင့် စတင်လည်ပတ်ခဲ့ရာ ယခုအခါ အလုပ်သမား (၆၉၀) ဦးခန့်ရှိပါကြောင်း၊ WCC ဖွဲ့စည်းရန် စီစဉ်နေပြီး၊ EC စာချုပ်ကို ၇-၁၀-၂၀၂၃ ရက်နေ့တွင် စတင်ချုပ်ဆိုခဲ့ရာ လုပ်သား (၃၀၀)ကျော် ချုပ်ဆိုခဲ့ပြီး ဆက်လက်ချုပ်ဆိုရန် လုပ်သား (၁၀၀)ခန့်သာကျန်ရှိပါကြောင်း၊ တိုင်ကြားသူ (၁၀) ဦးသည် (EC)စာချုပ် ပုံစံဖြည့်ပြီးသော်လည်း လက်မှတ်ရေးထိုးမချုပ်ဆိုရသေးကြောင်း၊ ယခင် ရွှေပြည်သာရှိ Gy Sen စက်ရုံတွင် မန်နေဂျာနှင့်အတူ လုပ်ကိုင်ခဲ့ကြပြီး စက်ရုံပိတ်သဖြင့် တိုင်ကြားသူ (၁၀)ဦး အနက် (၇)ဦးကိုအတူ လိုက်ပါ၍ ယခုစက်ရုံသစ်တွင် လုပ်ကိုင်ခဲ့ကြကြောင်း၊ စက်ရုံသည် အော်ဒါ မရှိသေးသဖြင့် အခြားစက်ရုံမှ ယူချုပ်နေရပြီး လုပ်သားများကို စက်တန်း တစ်လိုင်း (၇၅)ဦးအတွက် ဂရိတ်ကြေး (ကျွမ်းကျင်ဆုကြေး) အဖြစ် A = ၁၅၀,၀၀၀/- B= ၁၀၀,၀၀၀/- C= ၅၀,၀၀၀/- နှုန်းထုတ်ပေးခဲ့ရာ (၅/၂၀၂၃)နှင့် (၉/၂၀၂၃)လများတွင် စက်တန်း တစ်လိုင်းလျှင် လုပ်သား(၁၀၀)ဦးအဖြစ် တိုးမြှင့်လိုက်သည့်အတွက် ထွက်နှုန်းနည်းသဖြင့် တစ်ဦး ၄၃၀၀၀/- နှုန်း ရှင်းပေးခဲ့ကြောင်း၊ A ဖြုတ်ပြီး B = ၁၀၀၀၀၀/- C =၅၀၀၀၀/- ကို ထုတ်ပေးခဲ့ရာ မကျေနပ်ကြသဖြင့် ၆-၁၀-၂၀၂၃ ရက်နေ့မှစ၍ ဦးသန်းဇော်ကိုပါ (၁၀)ဦး မလာကြတော့ကြောင်း၊ ၆-၁၀-၂၀၂၃ ရက်နေ့တွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသို့ တိုင်ကြားခဲ့ကြောင်း ၈-၁၀-၂၀၂၃ ၊ ၁၂-၁၀-၂၀၂၃ ၊ ၁၆-၁၀-၂၀၂၃ နှင့် ၁၉-၁၀-၂၀၂၃ ရက်နေ့များတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတွင် ညှိနှိုင်းခဲ့ရာ တစ်ဦးလျှင် ကျန်ငွေ ၅၆၄၀၀/-ကျပ် ထုတ်ပေးရန် သဘောတူသဖြင့် ထုတ်ပေးပြီးပါကြောင်း၊ ၆-၁၀-၂၀၂၃ ရက်နေ့တွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် EC စာချုပ် မချုပ်၍ တိုင်ကြားသဖြင့် ညှိနှိုင်းခဲ့ရာ (EC)စာချုပ် မချုပ်ဆို၍ တရားစွဲပြီး လုပ်ငန်းခွင်ပြန်မဝင်တော့ရန် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် ၁၆-၁၀-၂၀၂၃ ရက်နေ့ ညှိနှိုင်းရာ အလုပ်ရှင်၊ အလုပ်သမားတို့ အဆင်ပြေအောင် ညှိနှိုင်းရန်ပြောသဖြင့် မန်နေဂျာမှ အလုပ်သမားများနေထိုင်ရာ အုတ်ဖို အဆောင်သို့ လိုက်သွားပြီး တစ်ဦးကို(၁၁)သိန်း တောင်းဆိုခြင်းအား ညှိနှိုင်းခဲ့ရာ အလုပ်သမားများမှ (၇)သိန်းရမှ ကျေနပ်မည်ဖြစ်ကြောင်း၊ (၇)သိန်းမရ ပါက EC စာချုပ် ချုပ်ဆိုခြင်း မရှိသည့်

အတွက် တရားစွဲမည်ဖြစ်ကြောင်း၊ စက်ရုံမှူးအား မြန်မာနိုင်ငံတွင် အလုပ်လုပ်၍ မရအောင် passport သိမ်း၍ Blacklist လုပ်မည်ဟု မန်နေဂျာကို ပြန်ပြောခဲ့ပါကြောင်း၊ အလုပ်ရှင်အား အလုပ်ပြန်ဝင်ရန် ပြောပေးမည်ဟု ပြောသော်လည်း ဦးသန်းဇော်ကိုပါ(၁၀)ဦးမှ အဆင်မပြေ၍ မလုပ်တော့ဟု ပြောခဲ့ကြောင်း ၆-၁၀-၂၀၂၃ ရက်နေ့မှ ၂၄-၁၀-၂၀၂၃ ရက်နေ့အထိ ဦးသန်းဇော်ကိုပါ (၁၀)ဦးသည် တစ်လိုင်းတည်း လုပ်သူများဖြစ်ပြီး ခွင့်မတိုင်ဘဲ ပျက်ကွက်ခဲ့ပါကြောင်း၊ ၂၃-၁၀-၂၀၂၃ ရက်နေ့ နံနက် ၉:၀၀ နာရီတွင် စက်ရုံသို့ အလုပ်ဆင်းရန် လာခဲ့ကြရာ အလုပ်ရှင်ဘက်မှ မည်သူကိုခွင့်တိုင်ထားသနည်းဟု မေးမြန်းခဲ့ရာ အမှုဖြစ်နေ၍ မည်သူ့ထံမှမတိုင်ထားကြောင်း၊ မန်နေဂျာအား အလုပ်ပြန်ဝင်ပြီး EC စာချုပ် ချုပ်ဆိုရန်ပျက်ကွက်ခြင်းကြောင့် တရားစွဲမည်ပြောသဖြင့် အဆင်မပြေကြောင်း ပြန်ပြောရာ အလုပ်သမားများမှ ရုံးသွားမည်ပြောပြီး မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ကြောင်း၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် ညှိနှိုင်းခဲ့စဉ်က မန်နေဂျာသည် အလုပ်သမားတစ်ဦးလျှင် ငွေကျပ်(၁)သိန်းခွဲပေးရန် ထွက်ဆိုခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ အလုပ်သမားများ၏ အလုပ်ပြန်လည်ဝင်ရောက်ခြင်းအပေါ် ခွင့်မတိုင်ဘဲ ပျက်ကွက်ခြင်း၊ EC စာချုပ် ချုပ်ဆိုရန် ကြိုးစားခဲ့သော်လည်း ငြင်းဆိုခြင်း၊ အလုပ်ရှင်အား တရားစွဲမည်ပြောသည့်အတွက် အလုပ်ထုတ်စာမပေးခဲ့ကြောင်းနှင့် အလုပ်ပြန်မခန့်နိုင်ကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

သုံးသပ်ချက်

၆။ စက်ရုံသည် (၅/၂၀၂၃) လတွင် စတင်ဖွင့်လှစ်ခဲ့ပြီး အငြင်းပွားမှုဖြစ်ချိန်တွင် (၆)လ မပြည့်သေးသည့်အတွက် WCC ဖွဲ့စည်းထားခြင်း မရှိ၍လည်းကောင်း၊ EC ချုပ်ဆိုမှုကို အချိန်မီဆောင်ရွက်နိုင်မှု မရှိခြင်းကြောင့်လည်းကောင်း အခွင့်အရေးဆိုင်ရာကိစ္စများ ဖြစ်ပေါ်လာသောအခါ သက်ဆိုင်ရာ ဌာနများသို့ အလုပ်သမားများက တိုင်ကြားခဲ့ကြောင်း သုံးသပ်ရပါသည်။

၇။ အလုပ်သမားဦးသန်းဇော်ကိုပါ(၁၀)ဦးတို့သည် ဂရိတ်ကြေးလျော့နည်းခြင်းနှင့် EC စာချုပ် မချုပ်ဆိုသည့်ကိစ္စများအား တိုင်ကြားခဲ့ရာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတွင် (၄)ကြိမ်နှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် (၃)ကြိမ် ညှိနှိုင်းခဲ့ပြီး စတင်တိုင်ကြားသည့် ၆-၁၀-၂၀၂၃ ရက်နေ့မှ ၂၃-၁၀-၂၀၂၃ ရက်နေ့ထိ (၁၈)ရက် လုပ်ငန်းခွင်မှ ကင်းကွာခဲ့

ကြောင်း သုံးသပ်သည်။ တိုင်ကြားသူများကိုယ်စား အလုပ်သမား ကိုယ်စားလှယ်တစ်ဦး (သို့မဟုတ်) နှစ်ဦးမှ သက်ဆိုင်ရာရုံးများသို့ သွားရောက်ညှိနှိုင်းသင့်ပြီး ကျန်သူများမှ လုပ်ငန်းခွင် မပျက်လုပ်ကိုင်သင့်သော်လည်း စည်းကမ်းချက်များညှိနှိုင်းပြီးမှ EC စာချုပ် ချုပ်ဆို၍ အလုပ် ပြန်ဝင်ချင်ကြသဖြင့် အလုပ်ပျက်ကွက်ရက်များ ကြာမြင့်မှုဖြစ်ကြောင်း သုံးသပ်သည်။

၈။ ယခုစက်ရုံတွင် EC စာချုပ်ချုပ်ဆိုနေပြီဖြစ်၍ အလုပ်ရှင်အပေါ် တရားစွဲဆိုမည်ဖြစ် ကြောင်း အလုပ်သမားများ၏ပြောကြားချက်အပေါ် အလုပ်ရှင်ဘက်မှ အလုပ်ပြန်ဝင်ခြင်းကို လက်ခံပြီး၊ တရားစွဲဆိုခံရမည်ကို စိုးရိမ်ကြောက်ရွံ့သဖြင့် အလုပ်ပြန်ဝင်ခြင်းကို လက်မခံခဲ့ကြောင်း သုံးသပ်သည်။ အလုပ်ရှင်ဘက်မှ စည်းမျဉ်းစည်းကမ်း ဥပဒေနှင့်မညီပါက သက်ဆိုင်ရာ အလုပ် သမားဌာနများက ကြပ်မတ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး တိုင်ကြားသည့်ကာလအတွင်း အလုပ် သမားများအနေဖြင့် အေးချမ်းစွာ လုပ်ကိုင်ပြီး ကိုယ်စားလှယ်များဖြင့် ဖြေရှင်းသွားသင့်သည်။ EC စာချုပ် ချုပ်ဆိုမှုအတွက် အရေးယူမှုအပေါ် ဥပဒေကြောင်းအရ ဆောင်ရွက်သွားရန်သာဖြစ်ပြီး အလုပ်သမား ဦးသန်းဇော်ကိုပါ(၁၀)ဦး တောင်းဆိုသည့်ငွေကြေးအပေါ် အလုပ်ရှင်မှ ပေးချေရန် သဘောတူညီမှုသည် အလုပ်ပြန်လည်ဝင်ရောက်ရန်နှင့် ခန့်ထားရန်အတွက် ဖြင်ပတွင် ညှိနှိုင်း ပြောဆိုမှု တစ်ရပ်သာဖြစ်သည်။ သို့ဖြစ်ပါ၍ အလုပ်မှရပ်စဲခြင်း၊ ထုတ်ပယ်ခြင်းကို အထောက် အထားတစုံတရာမရှိဘဲ တောင်းဆိုချက်အပေါ် ကျေနပ်မှုမရှိသဖြင့် အလုပ်သမား ဦးသန်းဇော်ကို ပါ(၁၀)ဦးမှ ခွင့်တစုံတရာတိုင်ကြားမှုမရှိ ပျက်ကွက်နေပြီး စက်တန်းတစ်လိုင်းရှိ လုပ်သား (၁၀)ဦးလုံး ပျက်ကွက်ခဲ့ခြင်းသည် ကုန်ထုတ်စွမ်းအားထိခိုက်အောင် ဆောင်ရွက်သကဲ့သို့ဖြစ်၍ အလုပ်ပြန်လည်ခန့်ထားရန် မသင့်ကြောင်း သုံးသပ်၍ အောက်ပါအတိုင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ချက်။ အလုပ်သမား ဦးသန်းဇော်ကိုပါ (၁၀)ဦးအား အလုပ်ပြန်လည်ခန့်ထားရန် မလိုကြောင်း ဆုံးဖြတ်သည်။

**ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။**

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက် အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူ တစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။93.

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက် များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာ ဆောင်ရွက်ရမည်။

| | | | |
|---|---|---|---|
| (ဇင်ကေသွယ်)<br>အတွင်းရေးမှူး | (လွင်လွင်မြင့်)<br>ဥက္ကဋ္ဌ | | (ကျော်ရှိဦး)<br>အဖွဲ့ဝင် |
| (ကျင်အေး)<br>အဖွဲ့ဝင် | (ဒေါက်တာခင်မောင်မအေး)<br>အဖွဲ့ဝင် | ( လစ်လပ် )<br>အဖွဲ့ဝင် | (မြင့်အောင်)<br>အဖွဲ့ဝင် |
| (ကျော်ဇေယျ)<br>အဖွဲ့ဝင် | (စောတင်)<br>အဖွဲ့ဝင် | ( လစ်လပ် )<br>အဖွဲ့ဝင် | ကွယ်လွန်<br>(ကျင်သိန်း)<br>အဖွဲ့ဝင် |